**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**အလုပ်သမားဝန်ကြီးဌာန**

**အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန**

**ဝန်ထမ်းများလျှောက်လွှာခေါ်ယူခြင်း**

**၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်**

**(၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်)**

၁။ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများတွင် သတ်မှတ်အရည်အချင်းပြည့်မီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး | ရာထူးနေရာ | ပညာအရည်အချင်းသတ်မှတ်ချက် |
|---|---|---|---|
| (က) | အငယ်တန်းစာရေး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၃၀ နေရာ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ (ဥပဒေဘွဲ့၊ ကွန်ပျူတာဘွဲ့ရရှိပြီးသူများကိုဦးစားပေးခန့်ထားမည်။) |
| (ခ) | ယာဉ်မောင်း (၅) (၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | ၃ နေရာ | အခြေခံပညာအလယ်တန်းအဆင့်ရှိရမည်။ |
| (ဂ) | ရုံးအကူ (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | ၁၀ နေရာ | အခြေခံပညာအလယ်တန်းအဆင့်ရှိရမည်။ |

၂။ လျှောက်ထားသူများသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက ၃၁-၁၀-၂၀၂၂ ရက်နေ့တွင် အသက် (၁၈) နှစ်ပြည့်ပြီး (၃၀) နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ ဤဦးစီးဌာနမှ ဝန်ထမ်းဖြစ်ပါက အသက် (၃၅) နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဂ) ရွေးချယ်ခံရပါက ဌာနတွင် အနည်းဆုံး (၅)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ဃ) ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(င) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

၃။ လျှောက်လွှာတွင် အောက်ပါအချက်များကို ပြည့်စုံစွာဖော်ပြရမည်-

(က) လျှောက်ထားသူအမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်

(ခ) မွေးသက္ကရာဇ် (အသက်)

(ဂ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ

(ဃ) ပညာအရည်အချင်း၊ အောင်မြင်သည့်ခုနှစ်နှင့် အောင်မြင်ခဲ့သည့် ကျောင်း/ တက္ကသိုလ်

(င) အဖအမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်

(စ) ဝန်ထမ်းဖြစ်လျှင် အလုပ်အကိုင်ရာထူးနှင့် ဌာန

(ဆ) ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားမှတ်ပုံတင်အမှတ်နှင့် မှတ်ပုံတင်သည့်ရက်စွဲ

(ဇ) ဆက်သွယ်ရန်လိပ်စာနှင့် တယ်လီဖုန်းအမှတ်

(ဈ) အမြဲတမ်းနေရပ်လိပ်စာ (အပြည့်အစုံ)

၄။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများ ပူးတွဲတင်ပြရမည်-

(က) အမှတ်စဉ် (၁)(က) ပညာအရည်အချင်းအတွက် ဘွဲ့လက်မှတ်မိတ္တူ **(ဖြေဆိုခွင့်ကတ်ပြားထုတ်ယူချိန်တွင် မူရင်းတင်ပြနိုင်ရမည်။)**

(ခ) အမှတ်စဉ် (၁)(က) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ/ အမှတ်စဉ် (၁) (ခ)၊ (ဂ) အတွက် အခြေခံပညာလယ်တန်းအောင်လက်မှတ်မိတ္တူ/ အမှတ်စဉ် (၁)(ခ)အတွက် ယာဉ်မောင်းလိုင်စင်(ခ)ရှိရမည်။ **(ဖြေဆိုခွင့်ကတ်ပြား ထုတ်ယူချိန်တွင် မူရင်းတင်ပြနိုင်ရမည်။)**

**(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ (ဖြေဆိုခွင့်ကတ်ပြားထုတ်ယူချိန်တွင် မူရင်းတင်ပြနိုင်ရမည်။)**

(ဃ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်မိတ္တူ (**ဖြေဆိုခွင့်ကတ်ပြားထုတ်ယူချိန်တွင် မူရင်းတင်ပြနိုင်ရမည်။**)

(င) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာမြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ (၁)လအတွင်း ရရှိသည့် ထောက်ခံချက်မူရင်း

(စ) ကျန်းမာရေးကောင်းမွန်ကြောင်း ကျန်းမာရေးဦးစီးဌာန၏ ဆေးစစ်ချက်ပုံစံမူရင်း

(ဆ) လွန်ခဲ့သော (၁) လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓါတ်ပုံ (၄) ပုံ (၁ ၁/၂"x ၁ ၃/၄") (ကျောဘက်တွင် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ရေးရန်)

၅။ လျှောက်ထားသူများသည် လျှောက်လွှာပုံစံများအား အလုပ်သမားဝန်ကြီးဌာန Website [www.mol.gov.mm](http://www.mol.gov.mm) တွင် download ရယူ၍လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ(နေပြည်တော်)တို့ရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနရုံးများတွင်လည်းကောင်း၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ် (၅၁)တွင်လည်းကောင်း ရုံးချိန်အတွင်း ထုတ်ယူလျှောက်ထားနိုင်ပါသည်။

၆။ လျှောက်လွှာများကို ၃၀-၁၁-၂၀၂၂ ရက်နေ့ ရုံးချိန်အတွင်း နောက်ဆုံးထား လျှောက်ထားရမည်။ သတ်မှတ်ချက်နှင့် မကိုက်ညီသူများနှင့် သတ်မှတ်ရက်ထက် နောက်ကျရောက်ရှိသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၇။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၈-၁၂-၂၀၂၂ ရက်နေ့နှင့် ၉-၁၂-၂၀၂၂ ရက်နေ့ ရုံးချိန်အတွင်း ထုတ်ပေးမည်ဖြစ်ပြီး ဘွဲ့လက်မှတ်မူရင်း၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် အလုပ်သမားမှတ်ပုံတင်မူရင်းတို့ မတင်ပြနိုင်ပါက ဖြေဆိုခွင့်ကတ်ပြားထုတ်ပေးမည်မဟုတ်ပါ။

၈။ လျှောက်ထားသူများသည် အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတနှင့် ကွန်ပျူတာဘာသာရပ်စသည့်အရည်အချင်းစစ်စာမေးပွဲအား ဖြေဆိုရမည်ဖြစ်ပါသည်။

၉။ ဖြေဆိုခွင့်ရရှိသူအမည်စာရင်းနှင့် ခုံနံပါတ်တို့ကို သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်ရုံးများတွင်လည်းကောင်း၊ ရုံးအမှတ်(၅၁)၊ အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားရေးရာဆက်ဆံ

ရေးဦးစီးဌာန၊ ကြော်ငြာသင်ပုန်းနှင့် ဝန်ကြီးဌာန Website www.mol.gov.mm တွင်လည်းကောင်း ကြေညာပေးထားမည်ဖြစ်ပါသည်။

၁၀။ အရည်အချင်းစစ်စာမေးပွဲ အစီအစဉ် –

**အငယ်တန်းစာရေးရာထူး**

(က) ၁၄–၁၂–၂၀၂၂ ရက်နေ့၊ နံနက် ၀၉:၃၀ နာရီမှ ၁၁:၃၀ နာရီအထိ အထွေထွေဗဟုသုတမေးခွန်းလွှာ၊ မွန်းလွဲ ၁၃:၀၀ နာရီမှ ၁၅:၀၀ နာရီအထိ အင်္ဂလိပ်စာမေးခွန်းလွှာ

(ခ) ၁၅–၁၂–၂၀၂၂ ရက်နေ့၊ နံနက် ၀၉:၃၀ နာရီမှ ၁၁:၃၀ နာရီအထိ ကွန်ပျူတာစစ်ဆေးခြင်း

ယာဉ်မောင်း(၅)ရာထူး

(က) ၂–၁–၂၀၂၃ ရက်နေ့၊ နံနက် ၀၉:၃၀ နာရီမှ ၁၁:၃၀ နာရီအထိ လူတွေ့စစ်ဆေးခြင်း

ရုံးအကူ

(က) ၃–၁–၂၀၂၃ ရက်နေ့၊ နံနက် ၀၉:၃၀ နာရီမှ ၁၁:၃၀ နာရီအထိ လူတွေ့စစ်ဆေးခြင်း

၁၁။ အရည်အချင်းစစ်ဆေးရေးစာမေးပွဲကို ရုံးအမှတ်(၅၁)၊ အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ကျင်းပပြုလုပ်ပါမည်။ အသေးစိတ်သိရှိလိုပါက အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်)၊ စီမံရေးရာဌာနခွဲ ဖုန်းနံပါတ်–၀၆၇–၃၄၃၀၂၈၆နှင့် ၀၆၇–၃၄၃၀၂၉၃ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။